# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၉ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။
## [၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၄။]
## ၁၃၁၁ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်။
## (၁၉၄၉ ခု၊ စက်တဘာလ ၃၀ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ် ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

**၁၉၄၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။**

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုနိုင်ငံတော်၏ အခွန်တော်များမှ စုစုပေါင်းငွေကျပ် ၂၃,၆၂,၁၉,၈၆၀ (ဤအက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖေါ် ပြထားသည်) ကိုထုတ်၍၊ ၁၉၄၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများ အတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၄၉ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၆) အရ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**၁၉၄၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ငွေချေးယူခြင်း။**

၂။ ။ (၁) ၁၉၄၉ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွင်း၊ ငွေစုစုပေါင်း ကျပ် ၅,၃၈,၇၃,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေး ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်းတွင် ထိုငွေများကို ဘဏ္ဍာရေးဝန်ကြီးအား ထုတ်ချေးရ မည်။ ထိုကဲ့သို့ ငွေချေးသောကိစ္စအတွက် ဘဏ္ဍာရေးဝန်ကြီးသည် မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်း များ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်တွင် ထည့် သွင်းရမည်။

(၃) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့် စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

(၄) ပုဒ်မခွဲ (၁)တွင် ခွင့်ပြုထားသည့်ငွေချေးယူခြင်းသည်၊ ၁၉၄၉ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၄) အရခွင့်ပြုထားသည့် ငွေချေးယူခြင်း အပြင်၊ နောက်ထပ်ငွေချေးယူခြင်း ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဇယား။

| အစိုးရဌာန။ | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|
| | | ကျပ်။ |
| အကောက်တော်နှင့်နိုင်ငံတွင်း အကောက်တော် | ------- | ၁,၂၄,၅၀၀ |
| အခြားအခွန်တော်များနှင့် အကောက်တော်များ | ------- | ၇၇,၀၀၀ |
| မီးရထား | ------- | ၈,၈၄,၀၇,၀၀၀ |
| ဆည်မြောင်းအစရှိသည့် လုပ်ငန်းများ | ------- | ၂၀ |
| စာပို့တိုက် နှင့် ကြေးနန်း | ------- | ၂၀ |
| အရပ်ရပ် စီရင်အုပ်ချုပ်မှု | ------- | ၃,၄၂,၆၈,၂၃၀ |
| ပညာရေး | ------- | ၁၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး | ------- | ၅၀ |
| စက်မှုလက်မှု အလုပ်အကိုင်များ | ------- | ၃၀ |
| လေကြောင်း ပျံသန်းသွားလာမှု | ------- | ၁,၅၈,၆၃၀ |
| အထွေထွေဌာနများ | ------- | ၃,၂၈,၁၂၀ |
| ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့် ဒင်္ဂါးသွန်းစက်ရုံ | ------- | ၆၃,၀၀၀ |
| မြို့ပြဆိုင်ရာ လုပ်ငန်းများ | ------- | ၄၀ |
| ပင်ရှင်လစာငွေများ | ------- | ၃,၂၅,၀၀၀ |
| စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း | ------- | ၇၃,၁၆၀ |
| အထွေထွေ | ------- | ၄၀ |
| ကာကွယ်ရေး | ------- | ၁၀ |

| | | |
|---|---|---|
| အထူးရငွေများမှ ကြီးပွါးရေးရုံပုံငွေအတွက် ကုန်ကျစရိတ် | ------- | ၁၁,၂၃,၉၅,၀၀၀ |
| ပေါင်း | ------- | ၂၃,၆၂,၁၉,၈၆၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီ သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၁ ခု၊ သီတင်းကျွတ်လဆန်း ၉ ရက်။

(၁၉၄၉ ခု၊ စက်တင်ဘာလ ၃၀ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၂၉ ]